## ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၇) မန္တလေးမြို့တွင် ဖွင့်လှစ်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်စေရန် အလေးထားဆောင်ရွက်လျက်ရှိရာကုန်သွယ်မှုကဏ္ဍစဉ်ဆက်မပြတ် တိုးတက်စေရန်၊စီးပွားရေးလုပ်ငန်းရှင်များပေါ်ထွန်းလာစေရန်၊ နိုင်ငံတကာနှင့်ရင်ဘောင်တန်း၍ ကုန်သွယ်မှုလုပ်ငန်းများအစဉ်ပြေပြေချောမွေ့စွာလုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ကုန်သွယ်မှု အခြေခံသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်လျက်ရှိပါသည်။

သင်တန်းတွင် စီးပွားရေးလုပ်ငန်းရှင်များအား ကုန်သွယ်မှုနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များအားလုံးကို အခြေခံအဆင့်မှစတင်၍ အသေးစိတ်သင်ကြားပို့ချမည်ဖြစ်သည့်အပြင် အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ပြည်တွင်းအခွန်ဆိုင်ရာလုပ်ငန်းများ၊ငွေကြေးဆိုင်ရာဘဏ်လုပ်ငန်းများ၊အလုပ်ရုံနှင့်အလုပ်သမားဥပဒေများ၊စားသုံးသူအကာအကွယ်ပေးရေးဥပဒေများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုမိမိတို့ဝန်ကြီးဌာနနှင့်အခြားကုန်သွယ်မှုနှင့်သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပါသည်။ သင်တန်းကာလအတွင်း ကုန်သွယ်မှုဆိုင်ရာ သင်တန်းပို့ချချက်များကို လက်တွေ့သိရှိပြီး နားလည်နိုင်စေရန် လေ့လာရေးခရီးစဉ်များလည်း စီစဉ်ထားရှိ ပါသည်။

\\192.168.1.2\2018\Training\Training 7\New Paper.docx

စီးပွားရေးစတင်လုပ်ဆောင်နေသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ စီးပွားရေးကို စိတ်ဝင်စားသောလူငယ်လူရွယ်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ကုမ္ပဏီထူထောင်ရန် ရည်မှန်းထားသူများအနေဖြင့် ဤသင်တန်းကို တက်ရောက်သင့်ပါသည်။ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်( ၇ )ကို ၂၀၁၈ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ စနေနေ့နှင့် တနင်္ဂနွေနေ့ ( ၂ )ရက် (နံနက် ၀၉:၃၀ မှ ၁၂:၃၀ချိန်ထိ) ရက်သတ္တပတ် (၁၄) ပတ်ကြာမြင့်မည်ဖြစ်ပါသည်။ သင်တန်း တက်ရောက်လိုသူများသည် ၃၅ လမ်း၊ ၆၃ x ၆၄ လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)သို့ လာရောက်စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါကတယ်လီဖုန်းအမှတ် ၀၂-၃၉၂၇၅၊ ၀၉-၄၄၀၉၀၀၁၃၀၊ ၀၉-၂၅၉၀၂၁၂၆၅ များသို့ ဆက်သွယ်မေးမြန်း နိုင်ပါ သည်။

(KTTA - MDY)